## ရက္ခိုင်ပြည်မြောက်ပိုင်းအရေး ထုတ်ပြန်ချက်နှင့် စပ်လျဉ်း၍ ရပ်တည်ချက်သဘောထား

(မေလ ၂၈ ရက်၊ ၂၀၂၄ ခုနှစ်)

၁။ စစ်အာဏာရှင်ဆန့်ကျင်ရေးလူထုလှုပ်ရှားမှုကော်မတီ (AJMM) အနေဖြင့် ရက္ခိုင်ပြည်မြောက်ပိုင်း အခြေအနေများအပေါ် တော်လှန်ရေးအင်အားစုများနှင့် အရပ်ဘက်အဖွဲ့အစည်း ၁၉၅ ဖွဲ့ စုပေါင်း ထုတ်ပြန်ခဲ့သည့် ၂၀၂၄ ခုနှစ်၊ မေလ ၂၂ ရက်နေ့ ထုတ်ပြန်ချက်တွင် ပါဝင်ခဲ့ပြီး အဆိုပါ ထုတ်ပြန်ချက်တွင် ပါဝင်ခဲ့သည့်အတိုင်း ဆက်လက် ရပ်တည်လျက်ရှိပါသည်။ အဆိုပါ ထုတ်ပြန်ချက်တွင် ပူးပေါင်း ပါဝင်ခြင်းသည် မိမိတို့၏ **နိုင်ငံရေးအတွေးအခေါ်နှင့် မူဝါဒများအပေါ် ခိုင်မာစွာရပ်ခံလျက်** သွေးစည်းညီညွတ်မှုကို ဖော်ပြခြင်းဖြစ်သည်။

၂။ အဆိုပါ ထုတ်ပြန်ချက်သည် လက်ရှိ ရက္ခိုင်ပြည်အား နယ်မြေစိုးမိုးမှုအရ ထိန်းချုပ်ထားနိုင်သည့် ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်/ရက္ခိုင့်တပ်တော် အနေဖြင့် ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် စုံစမ်းစစ်ဆေးမှု၊ လိုအပ်ပါက အရေးယူမှုများအား ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန် တိုက်တွန်းခြင်းဖြစ်သည်။ မိမိတို့အားလုံး ကြိုးပမ်းဖော်ဆောင်နေသည့် တရားမျှတမှုနှင့် အမှန်တရားပေါ်ထွန်းရေးအတွက် ဦးတည်လျက် ဒီမိုကရေစီကို ယဉ်ကျေးစွာ ကျင့်သုံးပြီး တော်လှန်ရေးအင်အားစုချင်း အပြုသဘောဆောင် တိုက်တွန်းခြင်း ဖြစ်သည်။

၃။ ၁၉၅ ဖွဲ့၏ ထုတ်ပြန်ချက်အား တုံ့ပြန်သည့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့ ထုတ်ပြန်ကြေညာချက်တွင် "အဆိုပါ ထုတ်ပြန်ချက်တွင်ပါရှိသော အဖွဲ့အစည်းများနှင့် အဖွဲ့အစည်းတာဝန်ခံများကို မိမိတို့မှ ကောင်းစွာ မှတ်တမ်းတင်ထားရှိပါသည်" ဟု ထည့်သွင်း ဖော်ပြထားခြင်းသည် လက်နက်မဲ့အင်အားစုများအား လက်နက်အင်အား တောင့်တင်းသည့် အဖွဲ့အစည်းတခုက ပေါ်ပေါ်ထင်ထင် ခြိမ်းခြောက်ခြင်းပင် ဖြစ်သည်ဟု မိမိတို့က ရှုမြင်သည်။ လက်နက်အင်အားဖြင့် လူထုအား ဆယ်စုနှစ်များစွာ ဖိနှိပ်နေခဲ့သည့် ဖက်ဆစ်စစ်အုပ်စုနှင့် စစ်ဝါဒကို နိုင်ငံရေး၊ စစ်ရေး နည်းလမ်းပေါင်းစုံဖြင့် အတူတကွ ဆန့်ကျင်တွန်းလှန်နေကြစဉ်တွင် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်ကဲ့သို့ တော်လှန်ရေးအဖွဲ့အစည်းတရပ်ထံမှ အလားတူ ခြိမ်းခြောက်မှုကို မြင်တွေ့ရခြင်းမှာ အလွန်ပင် စိတ်မကောင်းဖြစ်ဖွယ် ဖြစ်ပါသည်။

၄။ မိမိတို့အနေဖြင့် ဖက်ဆစ်စစ်အာဏာရှင်နှင့် ဖက်ဆစ်ဝါဒကို တွန်းလှန်နေစဉ်တွင် လက်နက်ပါဝါအခြေပြု နိုင်ငံရေးယဉ်ကျေးမှု အားကောင်းလာခြင်းမှတဆင့် လက်နက်အားကိုးဖိနှိပ်မှု အသစ်များ ဆက်လက် မပေါ်ပေါက်စေရန်အတွက် လူထုထိန်းကျောင်းမှု နည်းလမ်းဖြင့် အတူတကွတားဆီးရေးသည် အလွန်အရေးကြီးကြောင်း ရှုမြင်ပြီး မည်သို့သော ဖိအားများ ရှိသည်ဖြစ်စေ ထိုယုံကြည်ချက်အပေါ် ဆက်လက်စွဲကိုင်သွားမည် ဖြစ်သည်။

၅။ နိုင်ငံရေးဖြစ်စဉ်များအပေါ် သုံးသပ်ရာတွင် မိမိတို့၏ ယုံကြည်ချက်နှင့် မူဝါဒများအပေါ်သာ အခြေခံ၍ ရပ်တည်ခြင်းဖြစ်ပြီး အစုအဖွဲ့အပေါ်အခြေခံပြီး ဘက်ရွေးလုပ်ဆောင်ခြင်းအား မည်သည့်အခါမျှ လုပ်ဆောင်မည်မဟုတ်ပါ။ **ရိုဟင်ဂျာလူနည်းစုအား ဖိနှိပ်မှုများမှ အကာအကွယ်ပေးရန်** တောင်းဆိုခြင်းသည် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်အား ဆန့်ကျင်တိုက်ခိုက်ခြင်းဖြစ်သည်ဟု မယူဆသင့်ပါ။

၆။ မိမိတို့သည် ကျောင်းသားလှုပ်ရှားမှု၊ အရပ်ဘက်လှုပ်ရှားမှုများအားဖြင့် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု မတိုင်မီ နှစ်များကပင် ရက္ခိုင်ပြည်လူထုတရပ်လုံးနှင့်အတူ ရပ်တည်ပြီး ရက္ခိုင့်တော်လှန်ရေးကို အားပေးထောက်ခံခဲ့ကြသူများ ဖြစ်သည်။

မိမိတို့အနေဖြင့် "လူ ၂၆ ယောက်၊ သေနတ် ၁ လက်ဖြင့် စတင်ခဲ့သည့်" ရက္ခိုင့်တော်လှန်ရေးအား အောင်ပွဲရသည်အထိ **"ဒီမိုကရေစီနှင့် လူ့ရပိုင်ခွင့် စံနှုန်းများအပေါ် အခြေခံ၍"** ဆက်လက် ဝန်းရံ အားပေးသွားမည်ဖြစ်ပြီး ကိုယ့်ကြမ္မာကိုယ် ပြဋ္ဌာန်းခွင့်ရှိပြီး လူတဦးချင်းလွတ်လပ်သည့် အာရက္ခအနာဂါတ်အား အမြန်ဆုံးတွေ့မြင်ရရန် မျှော်လင့်ကြောင်း ဖော်ပြရင်း မိမိတို့၏ရပ်တည်ချက်အား ထုတ်ပြန်လိုက်သည်။

**သွေးစည်းညီညွတ်မှုဖြင့်**

**စစ်အာဏာရှင်ဆန့်ကျင်ရေးလူထုလှုပ်ရှားမှုကော်မတီ**

**Anti-Junta Mass Movement Committee (AJMM)**